" သင္ဒေတည် ၊ တောထွက် ၊ ဟောပွက်ဓမ္မစကြာ ၊ ပြာဋိဟာ "

# ဝါဆိုလပြည့်နေ့

# ဓမ္မဒေသနာ နေ့ဖြတ်အခါ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ
ဓမ္မသဟာယသာသနစင်တာကျောင်းတိုက်

၁၃၈၇ - ခုနှစ်၊ ဝါဆိုလပြည့်နေ့ ၉ - ၇ - ၂၀၂၅(ဗုဒ္ဓဟူးနေ့)

“ သဒ္ဓေတည် ၊ တောထွက် ၊ ဟောမြွက်ဓမ္မစကြာ ၊ ပြာဋိဟာ ”

ဝါဆိုလပြည့်နေ့

# ဓမ္မဒေသနာ နေ့မြတ်အခါ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ
ဓမ္မသဟာယသာသနစင်တာကျောင်းတိုက်

၁၃၈၇ - ခုနှစ်၊ ဝါဆိုလပြည့်နေ့

၉ - ၇ - ၂၀၂၅(ဗုဒ္ဓဟူးနေ့)

www.drnandamalabhivamsa.com.mm

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ကာလ

၂၀၂၅ခု ဇူလိုင်လ

အုပ်ရေ

၃၀၀၀

တန်ဖိုး

ဓမ္မဒါန

မျက်နှာဖုံးဒီဇိုင်း

မျိုးဆွေ(အမရပူရ)

ပုံနှိပ်တိုက်

ဦးညွန့်လင်း(၀၀၈၁၇)

အောင်အောင်မိုးအော့ဖ်ဆက်

၀၉-၂၀၃၄၈၁၉

မန္တလေးမြို့


www.drnandamalabhivamsa.com.mm

# အမှာစာ

မြတ်ဗုဒ္ဓ၏ ဘဝနှင့် ဆက်စပ်သည့် ရက်မြတ်အခါများကို ဗုဒ္ဓဝံအဋ္ဌကထာ နက္ခတ္တပရိစ္ဆေဒ အခန်း၌ ဖော်ပြထားသည်။

"မဟာပုရိသော ပန ဥတ္တရာသဠ္ဌနက္ခတ္တေနေဝ မာတုကုစ္ဆိံ ဩက္ကမိ, မဟာဘိနိက္ခမနံ နိက္ခမိ, ဓမ္မစက္ကံ ပဝတ္တေသိ, ယမက-ပါဋိဟာရိယံ အကာသိ။

ဝိသာခနက္ခတ္တေန ဇာတော စ အဘိသမ္ဗုဒ္ဓေါ စ ပရိနိဗ္ဗုတော စ။

မာဃနက္ခတ္တေန တဿ သာဝကသန္နိပါတော စ အာယုသင်္ခါရဝေါသဇ္ဇနဥ္စ အဟောသိ။

အဿယုဇနက္ခတ္တေန ဒေဝေါ' ရောဟဏံ။ အယံ နက္ခတ္တပရိစ္ဆေဒေါတိ။"

"မဟာပုရိသဖြစ်သော ဘုရားအလောင်းတော်သည် ဥတ္တရာသာဠ္ဌ နက္ခတ်နှင့် ယှဉ်သည့် ဝါဆိုလပြည့်နေ့၌ မယ်တော်၏ ဝမ်းကြာတိုက်၌ သန္ဓေတည်၏။

မြတ်ေ[illegible] ကျက်ခါခြင်းဖြင့် ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ပြီး တောထွက်၏။ တရားဦး ဟောတော်မူ၍ ပဋိဝေဓဉာဏ် ဒေသနာဉာဏ် ဓမ္မစက်ကို စတင်ဖြစ်ပေါ်စေ၏။ ရေမီး အစုံ ဖန်ဆင်း၍ တန်ခိုးပြတော်မူ၏။

www.drnandamalabhivamsa.com.mm

ဝိသာခါနက္ခတ်နှင့် ယှဉ်သည့် ကဆုန်လပြည့်နေ့၌ မယ်တော်ဝမ်းမှ ဖွါးမြင်တော်မူသည်၊ သစ္စာတရားသိ၍ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူ၏။ (သက်တော် ၈၀-အရွယ်၌) ပရိနိဗ္ဗာန်ဝင်စံတော်မူ၏။

မာဃနက္ခတ်နှင့်ယှဉ်သည့် တပို့တွဲလပြည့်နေ့၌ သာဝကသန္နိပါတ အစည်းအဝေး ကျင်းပတော်မူ၏၊ (သက်တော် ၈၀-မပြည့်မီ သုံးလကြိုတင်၍) အာယုသင်္ခါရ လွှတ်တော်မူ၏။

အဿယုဇနက္ခတ်နှင့် ယှဉ်သည့် သီတင်းကျွတ်လပြည့်နေ့၌ (အဘိဓမ္မတရား ဟောကြားပြီး) တာဝတိံသာနတ်ပြည်မှ လူ့ပြည် သင်္ကဿမြို့သို့ ဆင်းသက်ကြွရောက်တော်မူ၏။

ဤ၌ ဝါဆိုလပြည့်နေ့ ရက်မြတ်အခါ၌ ထူးခြားဖြစ်စဉ်များ အကြောင်းကိုသာ အကျဉ်းချုပ် ဖော်ပြပါမည်၊ မြတ်ဗုဒ္ဓ၏ ဂုဏ်တို့ကို အမှတ်ရ၍ ကုသိုလ်တရား ဖြစ်ပွါးနိုင်ကြပါစေ။

ပါမောက္ခချုပ်ဆရာတော်
အရှင်နန္ဒမာလာဘိဝံသ

၉-၇-၂၀၂၅

www.drnandamalabhivamsa.com.mm

# ဓမ္မဒေသနာ နေ့မြတ်အခါ

============

## ဆယ့်နှစ်လရာသီ

မြန်မာပြက္ခဒိန်အရ ရက်ပေါင်း ၃၅၄-ရက်သည် တစ်နှစ်ဖြစ်၏၊ တစ်နှစ်မှာ လပေါင်း ၁၂-လ ရှိသည်။

| | | |
|---|---|---|
| (၁) | တန်ခူးလ | (၂၉)ရက် |
| (၂) | ကဆုန်လ | (၃၀)ရက် |
| (၃) | နယုန်လ | (၂၉)ရက် |
| (၄) | ဝါဆိုလ | (၃၀)ရက် |
| (၅) | ဝါခေါင်လ | (၂၉)ရက် |
| (၆) | တော်သလင်းလ | (၃၀)ရက် |
| (၇) | သီတင်းကျွတ်လ | (၂၉)ရက် |
| (၈) | တန်ဆောင်မုန်းလ | (၃၀)ရက် |
| (၉) | နတ်တော်လ | (၂၉)ရက် |
| (၁၀) | ပြာသိုလ | (၃၀)ရက် |
| (၁၁) | တပို့တွဲလ | (၂၉)ရက် |
| (၁၂) | တပေါင်းလ | (၃၀)ရက် |

----------

www.drnandamalabhivamsa.com.mm

## ဥတုသုံးလီ

(၁) တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့ အထိ ၄-လ သည် နွေ (ဂိမှာန)ရာသီ။

(၂) ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ အထိ ၄-လ သည် မိုး (ဝဿာန)ရာသီ။

(၃) တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှ တပေါင်းလပြည့်နေ့ အထိ ၄-လ သည် ဆောင်း (ဟေမန္တ)ရာသီ။

----------

## နက္ခတ်အမည်နှင့် ၁၂-လ ရာသီ

လပြည့်ဝန်းနှင့် ယှဉ်တွဲဖြစ်ပေါ်လာသည့် နက္ခတ်အမည်ဖြင့် လအမည်တို့ကို ဖော်ပြသောအခါ-

(၁) စိတ္တနက္ခတ်နှင့် ယှဉ်သောကြောင့် တန်ခူးလကို "စိတ္တ"၊

(၂) ဝိသာခါနက္ခတ်နှင့် ယှဉ်သောကြောင့် ကဆုန်လကို "ဝေသာခ"၊

(၃) ဇေဋ္ဌနက္ခတ်နှင့် ယှဉ်သောကြောင့် နယုန်လကို "ဇေဋ္ဌ"၊

(၄) အာသဠ္ဍနက္ခတ်နှင့် ယှဉ်သောကြောင့် ဝါဆိုလကို "အာသဠ္ဍ"၊

(၅) သဝဏနက္ခတ်နှင့် ယှဉ်သောကြောင့် ဝါခေါင်လကို "သာဝဏ"၊

(၆) ပေါဋ္ဌပဒနက္ခတ်နှင့် ယှဉ်သောကြောင့် တော်သလင်းလ ကို "ပေါဋ္ဌပါဒ"၊

(၇) အဿယုဇ (အဿဝနီ) နက္ခတ်နှင့် ယှဉ်သောကြောင့် သီတင်းကျွတ်လကို "အဿယုဇ"၊

(၈) ကတ္တိကာနက္ခတ်နှင့် ယှဉ်သောကြောင့် တန်ဆောင်မုန်းလကို "ကတ္တိကာ"၊

(၉) မိဂသီနက္ခတ်နှင့် ယှဉ်သောကြောင့် နတ်တော်လကို "မာဂသိရ"၊

(၁၀) ဖုဿနက္ခတ်နှင့် ယှဉ်သောကြောင့် ပြာသိုလကို "ဖုဿ"၊

(၁၁) မာဃနက္ခတ်နှင့် ယှဉ်သောကြောင့် တပို့တွဲလကို "မာဃ"၊

(၁၂) ဖဂ္ဂုနီနက္ခတ်နှင့် ယှဉ်သောကြောင့် တပေါင်းလကို "ဖဂ္ဂုန"ဟု ခေါ်၏။

----------

## ဝါဆိုလ

မိုးရာသီအစ ဝါဆိုလကို ရှေးမြန်မာများက နွယ်တာလဟု ခေါ်ခဲ့ကြသည်။ အာသဠ္ဌနက္ခတ်နှင့် ယှဉ်သောကြောင့် နက္ခတ်အမည်ဖြင့် အာသဠ္ဌဟုခေါ်သည်။ ယနေ့အခါ၌မူ ရဟန်းသံဃာများ ဝါဆို ဝါကပ်ရာ လဖြစ်လို့ ဝါဆိုလ ဟုသာ သိမှတ်ကြ၏။

----------

## အာသဠှနက္ခတ်ပေါ်ထွက်ရာ
## ဝါဆိုလပြည့်နေ့ ထူးခြားဖြစ်စဉ်

ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓ၏ ဘဝနှင့် ဆက်စပ်သည့် ထူးခြားဖြစ်စဉ် လေးမျိုးရှိသည်။

(၁) ဗုဒ္ဓလောင်းလျာ သန္ဓေတည်သည့်နေ့မှာ ဝါဆိုလပြည့်နေ့ ဖြစ်ခြင်း။

(၂) သက်တော် ၂၉-နှစ်အရွယ် တောထွက်သည့်နေ့မှာ ဝါဆိုလပြည့်နေ့ဖြစ်ခြင်း။

(၃) ဗုဒ္ဓဖြစ်တော်မူပြီးနောက် တရားဦး ဓမ္မစကြာ ဟောကြားသည့်နေ့မှာ ဝါဆိုလပြည့်နေ့ဖြစ်ခြင်း။

(၄) ဗုဒ္ဓဖြစ်ပြီးနောက် ၇-နှစ်မြောက်၊ တန်ခိုးပြာဋိဟာ ပြသည့်နေ့မှာ ဝါဆိုလပြည့်နေ့ဖြစ်ခြင်း။

ဤသည်မှာ မြတ်ဗုဒ္ဓ၏ ဘဝနှင့် ဆက်စပ်သည့် ထူးခြားဖြစ်စဉ် ၄-မျိုး ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များသည် ဝါဆိုလပြည့်နေ့ ရောက်တိုင်း ဗုဒ္ဓဘဝနှင့် ဆက်စပ်သည့် ထူးခြားဖြစ်စဉ် ၄-ရပ်ကို အမှတ်ရပြီး ဗုဒ္ဓါနုဿတိဘာဝနာ ပွဲများကြရပေသည်။

----------

## မယ်တော်ဝမ်း၌ သန္ဓေတည်ခြင်း

ကမ္ဘာပေါင်း ၄-အသင်္ချေ့ နှင့် တစ်သိန်း အချိန်ယူ ပါရမီ ဖြည့်ခဲ့သော ဗောဓိသတ္တ အလောင်းတော် နတ်သားသည် သက်တမ်းကုန်သဖြင့် တုသိတာနတ်ဘုံမှ စုတေခဲ့ပြီး မယ်တော်ဝမ်း ကြာတိုက်၌ သန္ဓေတည်တော်မူ၏။

သန္ဓေတည်သည်နှင့် တပြိုင်နက် ကောင်းချီးပေးသည့် အနေဖြင့် ကမ္ဘာမြေကြီး တုန်ဟည်းခဲ့သည်၊ အလင်းရောင်အားလုံးကို လွှမ်းမိုးပြီး ထူးခြားသည့် အလင်းရောင်ကြီး ဖြစ်ပေါ်ခဲ့၏၊ လ နေ ကြယ်တာရာများ၏ အလင်းရောင် မရောက်ရာ အမှောင်ကမ္ဘာ လောကန္တရိက ငရဲယာ၌ပါ အလင်းရောင် ပျံ့နှံ့ခဲ့၏။

ထိုကဲ့သို့ ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ရာ အခါသည် ဝါဆို လပြည့်နေ့အခါပင် ဖြစ်၏။

----------

## တောထွက်ခြင်း

ဗောဓိသတ္တ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သက်တော် ၂၉-နှစ်အရွယ်၌ သန္တိသုခကို ရှာဖွေရန် စိတ်ဆန္ဒ ပြင်းပျလျက်ရှိသည်။

ဝါဆိုလပြည့် သားတော်ရာဟုလာ မွေးဖွါးသည့်နေ့၌ သား သံယောဇဉ် မကြီးထွားမီ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ပြီး တောထွက် ခဲ့၏။

သဏ္ဍကတိုင်းကို လွန်မြောက်၍ အနောမာမြစ် တစ်ဖက်ကမ်း ရောက်သောအခါ ဆံမုတ်ဆိတ် ရိတ်ပယ်၍ ရဟန်းပြုခဲ့လေ၏။

တောထွက်သည့် နေ့သည် ဝါဆိုလပြည့်နေ့ဖြစ်သည်။

----------

## တရားဦး ဓမ္မစကြာ

ဗောဓိသတ္တသည် ၆-နှစ်နီးနီး ဒုက္ကရစရိယာအကျင့်ကို ကျင့်သော်လည်း တရားထူး မရခဲ့သဖြင့် အတ္တကိလမထ ဒုက္ကရ စရိယာအကျင့်ကို ရပ်တန့်လိုက်၏။

မဇ္ဈိမပဋိပဒါလမ်းကြောင်းကို ကိုယ်တိုင်ရွေးချယ် ကျင့်သုံးရာ ကဆုန်လပြည့်နေ့ သန်းခေါင်ယံလွန်မြောက်သည့် မိုးသောက်အချိန် မှာ ဗုဒ္ဓအဖြစ် ရောက်ရှိပြီး အရဟတ်တက်ခဲ့လေသည်။

ဗုဒ္ဓအဖြစ်ရောက်ရှိပြီး နှစ်လမြောက်ရာ ဝါဆိုလပြည့်နေ့ အခါ၌ ပဉ္စဝဂ္ဂီ တို့အား တရားဦး ဓမ္မစကြာ ဟောကြားတော်မူသည်။

ဝါဆိုလပြည့်နေ့သည် ပဋိဝေဓဉာဏ်, ဒေသနာဉာဏ် ဟူသော ဓမ္မစက္ကကို စတင်ဖြစ်ပေါ် စေရာ ထူးခြားသည့်နေ့မြတ်အခါ ဖြစ်သည်။

----------

www.drnandamalabhivamsa.com.mm

## ရေမီးစုံစွာ တန်ခိုးပြဋ္ဌိဟာ

မြတ်ဗုဒ္ဓကို ယှဉ်ပြိုင်ရန် ဝါကြွားပြောဆိုသည့် တိတ္ထိများ၏ မာနကို ချိုးနှိမ်ရန် ဗုဒ္ဓဖြစ်ပြီးနောက် (၇)ဝါမြောက်တွင် သာဝတ္ထိမြို့ အနီး ကဏ္ဍသရက်ပင်ရင်း၌ ရေမီးအစုံ တန်းခိုးပြာဋိဟာ ကို ပြတော်မူ၏။

အံ့ဖွယ်ထူးခြားစွာ တန်းခိုးပြာဋိဟာ ပြတော်မူသည့်နေ့သည် ဝါဆိုလပြည့်နေ့ပင် ဖြစ်၏။

----------

## ဝါဆိုလပြည့်
## နေ့မြတ်အခါ ဗုဒ္ဓပူဇာ

**(၁) အာသဠှိပုဏ္ဏမာယံ ဟိ၊**
**မာတုကုစ္ဆိဂတော ဝရော။**
**မဟောဘာသော တဒါ အာသိ၊**
**အဟော အစ္ဆရိယံ မုနိ။**

ဝရော၊ မြင့်မြတ်ထင်ပေါ်၊ ဘုရားအလောင်းတော်သည်။ အာသဠှိပုဏ္ဏမာယံ၊ အာသဠှိနက္ခတ်၊ စန်းမြတ်ဆုံရာ၊ ဝါဆိုလပြည့် နေ့အခါ၌။ မာတုကုစ္ဆိဂတော၊ မယ်တော်ကျန်းမာ၊ လန်းဖြာ သမိုက်၊ ဝမ်းကြာတိုက်၌၊ နှစ်ခြိုက်ကြည်ဖြူ သန္ဓေယူတော်မူခဲ့လေပြီ။ တဒါ၊

မြင့်မြတ် ကြည်ဖြူ သန္ဓေယူရာ၊ ထိုအခါ၌။ မဟောဘာသော၊ လနေ အရောင်မျိုး၊ လွှမ်းမိုး တည်ရာ၊ ဤကမ္ဘာ၌၊ ကြည်သာ ဖြူဝင်း။ ကြီးမားသော အရောင်အလင်းသည်။ အာသိ၊ လောကန္တရိက် မှောင်ရိပ်ကြီးစွာ၊ ဧရိယာနှင့်၊ ကမ္ဘာတစ်ခွင်၊ အမှောင်စင်မျှ၊ ရောင်ရှင်ပတ်ခွေ၊ ဖြစ်ပေါ်ခဲ့ပေပြီ။ မုနိ၊ လောကထွဋ်ထား၊ မြတ်ဘုရားသည်၊ အဟော အစ္ဆရိယံ၊ ရင်သပ်ရှုမော၊ သဒ္ဓါဇောဖြင့်၊ အံ့သြဖွယ်ရာ။ ကောင်းလှပါပေသည်တကား။

**(၂) အာသဠှိပုဏ္ဏမာယံ ဟိ၊**
**ဇာတသံဝေဂ ဗောဓိမာ။**
**ရမ္မာ ပုရာ’ ဘိနိက္ခမိ၊**
**အဟော အစ္ဆရိယံ မုနိ။**

ဗောဓိမာ၊ အလောင်းတော်မြတ်၊ ဗောဓိသတ်သည်။ အာသဠှိပုဏ္ဏမာယံ၊ အာသဠှိနက္ခတ်၊ စန်းမြတ်ဆုံရာ၊ ဝါဆိုလပြည့် နေ့အခါ၌။ ဇာတသံဝေဂေါ၊ သံဝေဂစိတ်၊ စိုးထိတ်လွန်စွာ၊ ဖြစ်ပေါ် လာသည်ဖြစ်၍။ ရမ္မာ ပုရာ၊ ရွှေထီး ရွှေနန်း၊ ကြငှန်း စုံလင်၊ ခံ့မင် ရွှင်ပျော်၊ နန်းမြို့တော်မှ၊ အဘိနိက္ခမိ၊ အိုနာသေဘေး၊ ကင်းဝေး ရာမှန်၊ မြတ်နိဗ္ဗာန်ကို၊ ရန်သန်မှန်းမြော်၊ တောထွက်တော်မူခဲ့လေပြီ။ မုနိ၊ လောကထွဋ်ထား၊ ရှင်တော်မြတ်ဘုရားသည်။ အဟော အစ္ဆရိယံ၊ ရင်သပ်ရှုမော၊ သဒ္ဓါဇောဖြင့်၊ အံ့သြဖွယ်ရာ။ ကောင်းလှ ပါပေသည်တကား။

(၃) အာသင္ဃိပုဏ္ဏမာယံ ဟိ၊
ဣဿိပါတဝနေ ဇိနော။
ဓမ္မစက္ကံ ပဝတ္တေသိ၊
အဟော အစ္ဆရိယံ မုနိ။

ဇိနော၊ ကိလေသမာရ်၊ တွန်းလှန်ဖယ်ရှား၊ ရှင်တော်မြတ်ဘုရားသည်။ အာသဠှိပုဏ္ဏမာယံ၊ အာသဠှိနက္ခတ်၊ စန်းမြတ်ဆုံရာ၊ ဝါဆိုလပြည့်နေ့အခါ၌။ ဣသိပါတဝနေ၊ ဣသိ ပတန၊ အမည်ရသည့်၊ သာစွာ့ ရှုမငြီး၊ တောအုပ်ကြီး၌။ ဓမ္မစက္ကံ၊ ပဋိဝေဓ ဒေသနာ၊ နှစ်ဖြာ ပေါင်းစပ်၊ ဉာဏ်မြတ်ထင်ပျော်၊ ဓမ္မစက်တရားတော်ကို။ ပဝတ္တေသိ၊ ပဉ္စဝဂ္ဂီ၊ ဦးတည် မြွက်ဖော်၊ ဟောကြားတော်မူခဲ့လေပြီ။ မုနိ၊ လောကထွဋ်ထား၊ ရှင်တော်မြတ်ဘုရားသည်၊ အဟော အစ္ဆရိယံ၊ ရင်သပ်ရှုမော၊ သဒ္ဓါဇောဖြင့်၊ အံ့သြဖွယ်ရာ။ ကောင်းလှပါပေသည်တကား။

(၄) အာသဠှိပုဏ္ဏမာယံ ဟိ၊
တိတ္ထိယေ မဒ္ဒိတုံ ဇိနော။
ပါဋိဟီရံ သုမာပေသိ၊
အဟော အစ္ဆရိယံ မုနိ။

ဇိနော၊ ကိလေသမာရ်၊ တွန်းလှန်ဖယ်ရှား၊ ရှင်တော်မြတ်ဘုရားသည်။ အာသဠှိပုဏ္ဏမာယံ၊ အာသဠှိနက္ခတ်၊ စန်းမြတ်ဆုံရာ၊

ဝါဆိုလပြည့် နေ့အခါ၌။ တိတ္ထိယေ၊ မာန်စောင်လွန်ကြွ၊ ဟန်ရေး ပြသည့်၊ တိတ္ထိယခေါ်ကြား၊ မိစ္ဆာဒိဋ္ဌိ ဝါဒသမားတို့ကို။ မဒ္ဒိတုံ၊ မောက်မာ တက်ကြွ၊ မာန အစွယ်မျိုး၊ ရိုက်ချိုး ဖယ်ရှင်း၊ နှိမ်နှင်းခြင်း အလို့ငှါ။ ပါဋိဟီရံ၊ ရေမီးစုံစွာ၊ တန်ခိုးပြာဋိဟာကို။ မာပေသိ၊ အံ့ဖွယ်ရှုမြော်၊ ဖန်ဆင်းတော်မူခဲ့လေပြီ၊ မုနိ၊ လောကထွဋ်ထား၊ ရှင်တော်မြတ် ဘုရားသည်။ အဟော အစ္ဆရိယံ၊ ရင်သပ်ရှုမော၊ သဒ္ဓါဇောဖြင့်၊ အံ့သြဖွယ်ရာ။ ကောင်းလှပါပေသည်တကား။

(၇) အာသဠှိမာသပုဏ္ဏမေ၊
ဒိနေ ဂုဏဝိဘူသိတော။
လက္ခဏီယေ သမ္ဗုဒ္ဓိ တံ၊
ဝန္ဒာမ သိရသာ'ဒရံ။

ဂုဏဝိဘူသိတော၊ ထူးခြားစုံလင်၊ ချီးမွမ်းဖွယ်ဂုဏ်တို့ဖြင့် တန်ဆာဆင်အပ်သော၊ လက္ခဏီယေ၊ သန္ဓေတည် တောထွက်၊ ဓမ္မစက် ပြာဋိဟာ၊ လေးဖြာစုံလင်၊ ထူးခြားချက်တို့ဖြင့် မှတ်တမ်း တင်အပ်သော၊ အာသဠှိမာသပုဏ္ဏမေ ဒိနေ၊ သာယာရွှန်းပ၊ ဝါဆို လပြည့်နေ့ အခါသမယ၌။ တံ သမ္ဗုဒ္ဓံ၊ သုံးလူ ထွဋ်ထား၊ ထိုရှင်တော် မြတ်ဘုရားကို။ သိရသာ'ဒရံ ရိုသေညွတ်လျောင်း၊ မြတ်ဦးခေါင်းဖြင့်။ ဝန္ဒာမ၊ သဒ္ဓါ မြတ်နိုး၊ လက်စုံမိုးလျက် ရှိခိုးကြပါကုန်၏ အရှင်ဘုရား။

----------

www.drnandamalabhivamsa.com.mm

# ဓမ္မစက္ကပ္ပဝတ္တနသုတ္တ

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။

တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ- ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ ကတမေ ဒွေ? ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိ-တော။

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ

www.drnandamalabhivamsa.com.mm

သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ၊ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော၊ အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ။ ပ။ သမ္မာသမာဓိ။

www.drnandamalabhivamsa.com.mm

"ဣဒံ ဒုက္ခံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

www.drnandamalabhivamsa.com.mm

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

"တံ ခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု

စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ-ဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ၊

ဉာဏာဠ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ။

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ။

ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

www.drnandamalabhivamsa.com.mm

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ။ ပ။ ယာမာ ဒေဝါ။ ပ။ တုသိတာ ဒေဝါ။ ပ။ နိမ္မာနရတီ ဒေါဝါ။ ပ။ ပရနိမ္မိတဝသဝတ္တီ ဒေဝါ။ ပ။

ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ကေနစိ ဝါ လောကသ္မိ”န္တိ။

ဣတိဟ တေန ခဏေန (တေန လယေန) တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ၊ အယဉ္စ ဒသသဟဿိလောကဓာတု သင်္ကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ၊ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ “အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော” တိ။ ဣတိ ဟိဒံ၊ အာယသ္မတော ကောဏ္ဍညဿ “အညာသိကောဏ္ဍ-ညော”တွေဝ နာမံ အဟောသီတိ။

## “ဓမ္မစက္ကပဝတ္တန သုတ္တံ နိဋ္ဌိတံ”

## အဋ္ဌာနမေတံ

အဋ္ဌာနမေတံ ဘိက္ခဝေ
အနဝကာသော
ယံ ပရူပက္ကမေန
တထာဂတံ ဇီဝိတာ
ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန၊
ဝိဂမေန္တု ဥပဒ္ဒဝါ။

www.drnandamalabhivamsa.com.mm

ဝမ္မဒါနကုသိုလ်ရှင်

မန္တလေးမြို့
ဦးစိုးဝင်း + ဒေါ်အေးအေးဝင်း
သား - ဒေါက်တာအောင်ဟန်စိုး၊ သမီး - ကိုဖြိုးဝေစိုး+မသုနန္ဒာဝင်း
မြေး - သန့်မင်းထက်ဝေ၊ ခန့်ညီညီဝေ မိသားစု

ဒီ ဇိုင်း - မျိုး ဆွေ ( အ မ ရ ပူ ရ )
အောင် အောင် မိုး ပုံနှိပ်တိုက် ၀၉-၂၀၃၄၈၃၉

www.drnandamalabhivamsa.com.mm